မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

January 5 , 2026 Volume 98, Number 1

၅.၁. .၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၅၄.၁၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၁.၇၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၁၉.၃၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၁.၉၆ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၀.၉၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၂၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၅.၂၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၁၆.၂၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၆.၈၉ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## အိန္ဒိယပွဲတော်အချို့ကြောင့် မတ်ပဲဈေး အနည်းငယ်တက်လာနိုင်




ဇန်နဝါရီလအတွင်း အိန္ဒိယနိုင်ငံတွင် ပြုလုပ်ကြမည့် ပွဲတော်အချို့ကြောင့် မတ်ပဲ အဝယ်လိုက်လာပြီး ဈေးအနည်းငယ် တက်လာနိုင်ကြောင်း ကုန်သည်အချို့က ခန့်မှန်းထားသည်။

လက်ရှိအိန္ဒိယနိုင်ငံ၏ မတ်ပဲဈေးကွက်အနေဖြင့်ဈေးအတက်အကျ သိပ်မများသော်လည်း ပုံမှန်ထက် ဈေးကွက်အနည်းငယ်လှုပ်ရှားလာကြောင်း သိရသည်။

“ပြည်တွင်း မတ်ပဲဝယ်လိုအားက လျော့ကျနေပေမဲ့ ခရစ္စမတ်နဲ့ နှစ်သစ်ကူး အားလပ်ရက်တွေကြောင့် ဈေးငြိမ်ပြီး တင်သွင်းမှုလုပ်ငန်းက အေးနေတယ်။ FOB ဈေးလည်း အပြောင်းအလဲ မရှိသလောက် ငြိမ်နေတယ်။ ဇန်နဝါရီလ ရောက်ရင်တော့ အိန္ဒိယမှာ ပွဲတော်တချို့ရှိတော့ ဈေးအနည်းငယ်တက်နိုင်ပါတယ်။ အခုအပတ် တစ်တန် ၂၇ သိန်းအထက် ပြန်ရောက်လာတယ်” ဟု ပဲကုန်သည်တစ်ဦးက ပြောသည်။

လက်ရှိ မတ်ပဲဈေးမှာ ၂၇ သိန်းအထက်ကို ပြန်ရောက်နေပြီး ပြီးခဲ့သည့် ဒီဇင်ဘာလ ၂၃ ရက်နေ့က မတ်ပဲ (FAQ) တစ်တန်ကို ၂,၆၇၆,၀၀၀ ကျပ်ထိ ကျဆင်းသွားပြီး ယခုအပတ်မှာတော့ ၂,၇၀၄,၀၀၀ ကျပ်ထိ ပြန်လည် ရောက်ရှိလာကြောင်း သိရသည်။

ထိုသို့ ဈေးတက်လာနိုင်သော်လည်း ပြည်တွင်း၌ ပဲလက်ကျန် များနေပြီး ပုံမှန် တင်သွင်းနေခြင်းကြောင့် များများစားစားတော့ ဈေးမတက်နိုင်ကြောင်း ဈေးကွက်ပညာရှင်များက သုံးသပ်ထားသည်။

ပြည်ပပေါက်ဈေး FOB ဈေးအနေဖြင့် ငြိမ်နေပြီး FAQ မတ်ပဲ တစ်တန်လျှင် ဒေါ်လာ ၇၀၅ မှ ဒေါ်လာ ၇၁၅ ထိ ရှိကြောင်း သိရသည်။

မြန်မာ-အိန္ဒိယ မတ်ပဲ၊ ပဲစင်းငုံ အခွန်လွတ် တင်သွင်းခွင့်ကာလမှာ သက်တမ်းကုန်တော့မည် ဖြစ်ပြီး အိန္ဒိယအနေဖြင့် ဆက်လက် သက်တမ်းတိုးမည့် အလားအလာ ရှိကြောင်းကိုလည်း ဈေးကွက်ကျွမ်းကျင်သူများက သုံးသပ်ထားကြသည်။

ယင်းပြင် ပဲစင်းငုံဈေးအနေဖြင့်လည်း ပြီးခဲ့သည့် အပတ်နှင့် ယှဉ်ပါက ဈေးနှုန်း မြင့်တက်လာပြီး တစ်တန်လျှင် ၂,၅၉၀,၀၀၀ ကျပ်အထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ပြည်ပသို့ တင်ပို့နေသည့် မတ်ပဲ၊ ပဲစင်းငုံ၏ ဈေးနှုန်းအပြောင်းအလဲမှာ အဓိကအားဖြင့် အိန္ဒိယနိုင်ငံ၏ ပဲတင်သွင်းမှု မူဝါဒနှင့် ဈေးကွက်အခြေအနေများပေါ် လိုက်၍ ဈေးနှုန်း အတက်အကျ ရှိပြီး ပြည်တွင်းသုံး ကုလားပဲ၊ ပဲကြီးများမှာတော့ ပုံမှန် အတက် ဈေးတွင် ရှိကြောင်း သိရသည်။

“ပြည်တွင်းစားသုံးတဲ့ ပဲကတော့ ပုံမှန်လေး အရောင်းအဝယ်ဖြစ်ပါတယ်။ ကုလားပဲ၊ စားတော်ပဲ၊ ပဲကြီးတွေက အဓိက ရောင်းအားရှိတယ်။ ပြည်တွင်းစားသုံးမှုက အမြဲတမ်းရှိတော့ အဆင်ပြေတယ်” ဟု သဃ်န်းကျွန်းမှ ပဲမျိုးစုံနှင့် ကုန်စိမ်းရောင်းချ နေသည့်သူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံမှ ပဲများကို အိန္ဒိယနိုင်ငံသို့ ၇၅ ရာခိုင်နှုန်းအထိ တင်ပို့နေပြီး သီရိလင်္ကာ၊ နီပေါ၊ မလေးရှား၊ ထိုင်းနှင့် UAE နိုင်ငံများကိုလည်း ပဲမျိုးစုံ တင်ပို့နေကြောင်း သိရသည်။

**Source :** https://htwettoe.com/

## ထားဝယ်ဒေသထွက် ကိုကိုးသီး ဈေးကောင်းရနေ



ချောကလက်ကုန်ကြမ်းဖြစ်သည့်ထားဝယ်ဒေသထွက် ကိုကိုးသီး ယခုနှစ်တွင် ပြည်တွင်း အဝယ်လိုက်သဖြင့် ဈေးကောင်းရနေကြောင်း ကိုကိုးစိုက်တောင်သူများနှင့်အဝယ်ဒိုင်များထံကသိရသည်။

ယမန်နှစ်က ကိုကိုးသီး တစ်ကီလိုလျှင် ကျပ်ငါးရာဝန်းကျင် ခုနစ်ရာဝန်းကျင်အထိ ဈေးရှိခဲ့ရာမှ ယခုနှစ်တွင် ကိုးရာကျပ်အထိ ဈေးတက်လာကြောင်းဈေးကွက်အတွင်းမှသိရသည်။

ကိုကိုးသီးကို တောင်သူများထံကအသီးတိုက်ရိုက်ဝယ်၍ ဒိုင်များထံတွင် အသီးခြောက်နှင့် ချောကလက်ကုန်ကြမ်းအဖြစ် ပြုလုပ်၍ ရန်ကုန်ဈေးကွက်သို့တင်ပို့ရကြောင်းရေဖြူမြို့နယ်မှကိုကိုးသီးအဝယ်ဒိုင်တစ်ဦးကပြောသည်။

"ချောကလက်ကုန်ကြမ်းက ပြည်ပဈေးကွက်ကနေ သွင်းမရတော့ ပြည်တွင်းဈေးကွက်ထဲ ကိုကိုးသီးက အဝယ်လိုက်လာတယ်။အခုနှစ်မှာပိုရောင်းလာရတယ်"ဟုၚင်းကပြောသည်။

ချောကလက်ကုန်ကြမ်းဖြစ်သည့် ကိုကိုးအမှုန့်ကို ယခင်က တရုတ်နိုင်ငံထံမှတစ်ဆင့် အများဆုံးတင်သွင်းကြပြီး လက်ရှိ နယ်စပ်လမ်းကြောင်းများတွင် ကုန်သွယ်ရခက်သဖြင့် တင်သွင်းနိုင်ခြင်းမရှိတော့ကြောင်း ကိုကိုးသီး အဝယ်ဒိုင်လုပ်ငန်းအချို့ထံ မှသိရသည်။ လက်ရှိတွင် ပြည်ပမှတင်သွင်းရခက်ခဲလာသဖြင့် ကိုကိုးကုန်ကြမ်းများ တစ်နှစ်ထက်တစ်နှစ် ဈေးတက်လာကြောင်း ၎င်းတို့ ထံမှသိရသည်။

ကိုကိုးသီးကို ကွမ်းနှင့်ရော်ဘာခြံများတွင် သီးညှပ်စိုက်ပျိုးကြပြီး ထားဝယ်ဒေသတွင် ရေဖြူမြို့နယ်၌ အများဆုံး စိုက်ပျိုး ကြောင်းတောင်သူများထံကသိရသည်။

ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်ကခြံအချို့တွင်လည်း ကိုကိုးသီးကို စမ်းသပ်စိုက်ပျိုးသူများရှိလာကြောင်း ယင်း ဒေသခံကစမ်းသပ်စိုက်ပျိုးသူများထံပျိုးပင်များရောင်းချပေးနေသူတစ်ဦးကပြောသည်။

ထားဝယ်ဒေသတွင် ကိုကိုးသီးကို ကုန်ကြမ်းအဖြစ် စိုက်ပျိုးခြင်းအပြင် ချောကလက်အမှုန့်၊ အခဲနှင့် ဝိုင်အဖြစ် ကုန်ချော ထုတ်လုပ်ရောင်းချခြင်းလည်းရှိကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရသည်။

**Source :** https://npnewsmm.com/

## ပြင်ဦးလွင်တွင် ကော်ဖီဥယျာဉ် ဖွင့်လှစ်ထား



ပြင်ဦးလွင်မြို့ရှိ ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ(ပွေးတောင်)ကို အများပြည်သူလည်ပတ်အပန်းဖြေအနားယူရင်း ကော်ဖီအကြောင်း သိကောင်းစရာ ဗဟုသုတတွေ ရရှိစေဖို့ ကော်ဖီဥယျာဉ်အဖြစ် ဖွင့်လှစ်ထားတယ်လို့ စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီရာသီသီးနှံဌာနခွဲမှ သိရပါတယ်။

ပြင်ဦးလွင်ကော်ဖီဥယျာဉ်ကို မနက်(၈)နာရီကနေ ညနေ(၅)နာရီအထိ ဖွင့်လှစ်ထားပြီး အခမဲ့ ဝင်ရောက်လေ့လာနိုင်ပါတယ်။ကော်ဖီဥယျာဉ်ထဲမှာ နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိပြီဖြစ်တဲ့ သက်တမ်းရင့် ညောင်ထောက်ပင်ကြီးရှိနေသလို သဘာဝအလှအပပင်တွေ စိုက်ပျိုးထားပြီး နားနေဆောင်တွေ၊ ဖြတ်ကူးတံတားတွေနဲ့ ရှုံ့ညွှန်တောလျှောက်တံတားလည်း ရှိနေတာပါ။

ဒါ့ပြင် လာရောက်လည်ပတ်သူတွေအနေနဲ့ အနံ့အရသာနဲ့ ပြည့်စုံတဲ့ ဒေသထွက် ကော်ဖီသောက်သုံးနိုင်တဲ့ ကော်ဖီဆိုင်တွေနဲ့ ဒေသအစားအစာတွေကို မြည်းစမ်းနိုင်မဲ့ စားသောက်ဆိုင်တွေကိုလည်း ကော်ဖီဥယျာဉ်အတွင်း ဖွင့်လှစ်ပေးထားပါတယ်။

ပြင်ဦးလွင်ကော်ဖီဥယျာဉ်ဟာ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ မန္တလေး-လားရှိုးကားလမ်းမကြီးဘေး မိုင်တိုင်အမှတ်(၃၉)အနီး ဧရိယာအားဖြင့် ၃၈၆ ဒသမ ၃ ဧက ကျယ်ဝန်းတဲ့ ပွေးတောင်ကော်ဖီခြံထဲမှာ တည်ရှိတာဖြစ်ပါတယ်။

**Source :** https://onenewstvchannel.com/

## တရုတ်ပို့ကုန်ဝယ်လက်အချို့ နွားချေးခြောက်များဝယ်ယူမှုများရှိလာသဖြင့် ဈေးမြင့်လာ




ပြည်တွင်းဈေးကွက်တွင် နွားချေးခြောက်ကို စိုက်ပျိုးရေးလုပ်ငန်းများအတွင်း သစ်ပင်ပန်းမန်များ အာဟာရအတွက်သုံးစွဲရန် အရောင်းအဝယ်အချို့ရှိသော်လည်း ယခုနောက်ပိုင်း တရုတ်ပို့ကုန်ဝယ်လက်များကဆင်း၍ စုံစမ်းလာခြင်းကြောင့် ဈေးနှုန်းများမြင့်လာကြောင်း ဒေသခံများထံက သိရပါတယ်။

"နွားချေးခြောက်တွေက ဒီဘက်မှာက ပေါတယ်လေ၊ ဘယ်သူမှလည်း သိပ်မသုံးဘူး၊ တစ်ခါတလေ မီးမွှေးဖို့ သုံးတာမျိုးလောက်ပဲရှိတာ၊ နောက်ပိုင်းတော့ ပန်းပင်စိုက်တဲ့သူတွေ လာဝယ်တာနဲ့ ဈေးကွက်ဖြစ်လာတယ်။ အခု တရုတ်တွေက ဘာလုပ်ဖို့လဲမသိဘူး။ အခြောက်လှမ်းထားတဲ့ အချပ်ပြားတွေရနိုင်မလားဆိုပြီး မေးလာတယ်"ဟု ဝါးခယ်မမြို့မှ ဒေသခံတစ်ဦးကပြောသည်။

ထိုနွားချေးခြောက်များကို ပန်းပင်များအတွက်အသုံးပြုနိုင်ရန် ရန်ကုန်အခြေစိုက် သစ်ပင်ပန်းမန်နှင့်ပျိုးပင်အရောင်းဆိုင်များက ဝယ်ယူလေ့ရှိကြပြီး မြစ်ဝကျွန်းပေါ်ရှိ ကျေးရွာများမှ ပို့ဆောင်ပေးခဲ့ကြရကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းမှလည်း ရန်ကုန်မြို့ရှိ စိုက်ပျိုးရေးခြံများသို့ ပို့ဆောင်ရောင်းချပေးရခြင်းများရှိခဲ့ကြောင်း၊ ယခုနောက်ပိုင်း တရုတ်ပို့ကုန်ဝယ်လက်များကဝယ်ယူရန်ဈေးကွက်ဆင်း၍စုံစမ်းမှုများရှိလာကာ ဈေးနှုန်းများ မြင့်မားလာလျက်ရှိကြောင်း သိရသည်။

"နွားချေးခြောက်တောင် အခုဈေးတက်လာတယ်၊ အရင်တုန်းက ခြောက်ပြည်ဆံ့တဲ့ တစ်အိတ်စာကို ကျပ် ၁၅၀၀-၂၀၀၀ ထက် မပိုဘူး၊ အခုစိုက်ထားတဲ့အပင်လေးတွေကို မြေသြဇာစပ်ဖို့ ဈေးစုံစမ်းတော့ သုံးဆကျော်လောက်ဖြစ်နေတယ်၊ တရုတ်ပို့မဲ့သူတွေ ဆင်းဝယ်ဖို့လုပ်လို့ဆိုပြီးတော့ကြားတယ်"ဟုလည်း အလှပန်းပင်မျိုးစုံရောင်းချသူတစ်ဦးက ပြောသည်။

လတ်တလော ဈေးကွက်အတွင်းတွင် နွားချေးခြောက်များမှာ ခြောက်ပြည်ဝင်အိတ်တစ်အိတ်လျှင် ၅၀၀၀ ကျပ်နှုန်းဖြင့် ရောင်းချနေကြကြောင်း သိရသည်။

**Source :** https://opinionleadersmedia.com/

## ရာသီဥတုအေးမြမှုကြောင့် ခရုကောက်သူနည်းပါးကာ ဈေးကောင်းရနေ



ရာသီဥတုအေးမြမှုကြောင့် မန္တလေးတွင် ခရုကောက်သူနည်းပါးနေသည့်အတွက် ခရုများဈေး ကောင်းရရှိနေကြောင်း ဒေသခံများက ပြောပါတယ်။

မန္တလေးမြို့ အနီးဝန်းကျင်ရှိချောင်း၊ မြောင်းများအတွင်း ခရုများလိုက်လံကောက်ယူရောင်းချမှုများမှာ လက်ရှိအချိန်တွင် ရာသီဥတုအခြေအနေအရ လုပ်ကိုင်သူလျော့နည်းခဲ့ခြင်း ဖြစ်ပါတယ်။

"ရေကအရမ်းအေးတော့ မခံနိုင်ကြဘူး။ ခဏလေးပဲ ကောက်နိုင်တာ။ ခရုကပေါတယ်။ ကောက်မဲ့သူမရှိတာ။ အဲဒီတော့ ကောက်နိုင်တဲ့သူက ဈေးကောင်းရတာပေါ့"ဟု ပုသိမ်ကြီးမြို့နယ်မှ ဒေသခံ ခရုကောက်သူတစ်ဦးက ပြောပါတယ်။

မတ္တရာ၊ အောင်မြေသာစံ၊ ပုသိမ်ကြီးစသည့်မြို့နယ်များရှိချောင်း၊ မြောင်းများအတွင်း အနည်း ဆုံး ၃ နာရီဝန်းကျင်ကြာ နေထိုင်ကာ ခရုကောက်ယူမှုများ ပြုလုပ်ရကြောင်း သိရပါတယ်။

ခရုကောက်ယူမှုမှာ ခရုအနည်းအများပေါ်မူတည်၍ လူတစ်ဦးလျှင် ၃ ပိဿာမှ ၅ ပိဿာဝန်းကျင်အထိရလေ့ရှိကြောင်း ဒေသခံများက ဆိုပါတယ်။

လက်ရှိအချိန်တွင် ခရုတစ်ပိဿာမှာ ငွေကျပ် ၈၀၀၀ မှ ၁၀,၀၀၀ ကြားအထိ ရှိနေကြောင်းသိရပါတယ်။

**Source :** https://opinionleadersmedia.com/

## ဗီယက်နမ်နိုင်ငံ၌ ငရုတ်ကောင်းတင်ပို့မှု အမေရိကန်ဒေါ်လာ တစ်ဘီလီယံခွဲကျော်ရှိ



ယခုနှစ် ပထမ ၁၁ လအတွင်း ဗီယက်နမ်နိုင်ငံ၏ ငရုတ်ကောင်းတင်ပို့မှုမှ ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ ကျော်ရှိကြောင်း ဗီယက်နမ်ငရုတ်ကောင်းနှင့် ဟင်းခတ်အမွှေးအကြိုင်အသင်း၏ ပြောကြားချက်ကို ကိုးကား၍ ဗီယက်နမ်သတင်းအေဂျင်စီက ဒီဇင်ဘာ ၈ ရက်တွင် ထုတ်ပြန်ထားသည်။

ယင်းကာလအတွင်း ဗီယက်နမ်နိုင်ငံသည် ငရုတ်ကောင်းနက် တန်ချိန် ၁၉၂,၈၉၉ တန်နှင့် ငရုတ်ကောင်းဖြူ တန်ချိန် ၃၂,၁၁၀ အပါအဝင် ငရုတ်ကောင်းတန်ချိန် ၂၂၅,၀၀၉ တန်ကို တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ငရုတ်ကောင်းနက်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၅ ဘီလီယံခန့်နှင့် ငရုတ်ကောင်းဖြူတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၆၂ သန်းကျော် ဝင်ငွေရရှိကြောင်း သိရသည်။

အမေရိကန်သည် ငရုတ်ကောင်း တန်ချိန် ၄၈,၈၄၉ တန် သို့မဟုတ် စုစုပေါင်းတင်ပို့မှု ၏ ၂၁ ဒသမ ၇ ရာခိုင်နှုန်းဖြင့် ဗီယက်နမ်ငရုတ်ကောင်းအတွက် အကြီးမားဆုံးဈေးကွက်အဖြစ် ဆက်လက်တည်ရှိနေကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

**Source: ဆင်ဟွာ**

**DOCA(ပြည်ထောင်စုနယ်မြေ)**

## အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်းတွင် ပလတ်စတစ်အိတ်စက်ရုံဖွင့်လှစ်

အာဖဂန်နစ္စတန်မြောက်ပိုင်း ဘာခ်ရှ် ပြည်နယ်တွင် ပလတ်စတစ်အိတ် ထုတ်လုပ်သည့် စက်ရုံတစ်ရုံကို ဒီဇင်ဘာ ၆ ရက်က တရားဝင်ဖွင့်လှစ်ခဲ့ကြောင်း ၎င်း၏မန်နေဂျင်း ဒရိုက်တာ က ပြောကြားခဲ့သည်။



ပုဂ္ဂလိကကဏ္ဍမှ အမေရိကန်ဒေါ်လာ ခြောက်သန်း အကုန်အကျခံတည်ဆောက်ထားသော စက်ရုံသည် လူဦးရေ ၂၀၀ အတွက် အလုပ်အကိုင်များ ဖန်တီးပေးခဲ့ပြီး စက်ရုံ၏ လုပ်ငန်းလည်ပတ်မှု တိုးချဲ့လာသည်နှင့်အမျှ အလုပ်သမားများ ပိုမို ခန့်အပ်သွားမည်ဟု ၎င်းကဆိုသည်။

အဆိုပါစက်ရုံတွင် ကနဦးထုတ်လုပ်မှု တန် ၂၀ ရှိပြီး အပ်ချည်များကိုလည်း ထုတ်လုပ်ကြောင်း ၎င်းကပြောကြား ခဲ့သည်။

ထိုစက်ရုံဖွင့်ပွဲအခမ်းအနားတွင် ပြည်နယ်အုပ်ချုပ်ရေးမှူးက နိုင်ငံအတွင်း ဆင်းရဲမွဲတေမှုကို လျှော့ချရန်နှင့် အလုပ်အကိုင် များဖန်တီးပေးရန်အတွက် အာဖဂန်နစ္စတန်တွင် ရင်းနှီးမြှုပ်နှံသည့် ပုဂ္ဂလိကကဏ္ဍနှင့် ကုမ္ပဏီများကို အစိုးရက ဆက်လက် ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**Source: ဆင်ဟွာ**

**DOCA(ပြည်ထောင်စုနယ်မြေ)**

## STOCK EXCHANGE (5.1.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 5th Jan. 2026

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,369 (Shares) | 13,016,200 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +100 | +1.18% | 8,600 | 8,600 | 8,600 | 16 | 137,600 | 33,109,696 | 284,743 |
| MTSH | 00002 | 3,700 | +0 | +0.00% | 3,700 | 3,700 | 3,650 | 1,118 | 4,081,550 | 38,929,152 | 144,038 |
| MCB | 00003 | 7,800 | -100 | -1.27% | 7,900 | 7,900 | 7,800 | 79 | 621,700 | 10,400,988 | 81,128 |
| FPB | 00004 | 2,450 | -50 | -2.00% | 2,500 | 2,500 | 2,450 | 1,034 | 2,534,000 | 29,664,615 | 72,678 |
| TMH | 00005 | 3,550 | +250 | +7.58% | 3,600 | 3,600 | 3,000 | 35 | 124,050 | 12,823,226 | 45,523 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,600 | 1,650 | 1,600 | 2,871 | 4,604,950 | 19,977,223 | 32,962 |
| AMATA | 00007 | 4,900 | -100 | -2.00% | 4,400 | 4,900 | 4,400 | 167 | 755,500 | 10,497,598 | 51,438 |
| MAEX | 00008 | 3,250 | +50 | +1.56% | 3,200 | 3,250 | 3,200 | 49 | 156,850 | 23,804,946 | 77,366 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 5th Jan. 2026

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 418.77 | +2.19 | +0.53% | 414.75 | 418.77 | 409.64 | 5,369 | 13,016,200 | 8 | 789,876 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 10:30 am, 6th Jan. 2026

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,602 (Shares) | 6,446,350 (MMK) |

| MYANPIX | 419.63 ▲ 0.86 |
|---|---|
| Total Volume (shares) | 1,602 |
| Total Value (MMK) | 6 mil |
| Listed Company | 8 |
| Market Cap. (MMK) | 791,501 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 0 |
| MTSH | 00002 | 3,700 | ▲ 0 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 2,500 | ▲ 50 |
| TMH | 00005 | 3,550 | ▲ 0 |
| EFR | 00006 | 1,650 | ▲ 0 |
| AMATA | 00007 | 4,800 | ▼ 100 |
| MAEX | 00008 | 3,300 | ▲ 50 |

TIR